# ဘဝရတနာပန်းအလင်္ကာ

## က လေး က ဗျာ များ

**မင်းနိုင်လေး**
(လမ်းမတော်)



# ယဉ်ကျေးမှုကလေးကဗျာစာအုပ်

ကဗျာဆရာ မင်းနိုင်လေး(လမ်းမတော်)၏ အမည်ရင်းမှာ အောင်ကြိုင်ဖြစ်သည် ။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်၊ ကဗျာရာ မောင်မြတ်ခေါင် (ကွန်လွန်)က မိတ်ဆက်ပေး၍ သိကျွမ်းခင်မင် ရင်းနှီးခဲ့သည် မှာ ယခုတိုင်ပင်။

ကျွန်တော်တို့ က သူ့ကို ချစ်စနိုး "လမ်းမတော်"ဟု ခေါ်သည် ။ ဆရာမင်းနိုင်လေးက ရိုးသားဖြောင့်မတ်သည် ။ ကဗျာလက်ရာကောင်းသည် ။ ကျွန်တော် သူ့ကဗျာကို ကြိုက်သည် ။ ဆရာမင်းနိုင်လေး(လမ်းမတော်)က သူ့ကဗျာများကို ကဗျာပီပီသသ ဖွဲ့နွဲ့သူ၊ ခုခေတ်အခေါ်(ဂန္ထဝင်)၊ ယနေ့ခေတ်ပေါ်"မော်ဒန်"ကိုတော့ လမ်းခွဲသည် ။

ကျွန်တော်တို့ ကလည်း ဂန္ထဝင်ကဗျာမှ နှလုံးသားထဲသိသူဖြစ်သည် ။ အဘယ်ကြောင့် ဆိုသော် ဂန္ထဝင်ကဗျာကား ကာရန် အစပ်သည် သံစဉ်၊ ကဗျာလင်္ကာနှင့် ညီညွတ်၍ ဖြစ်သည် ။

ဆရာ့ ယဉ်ကျေးမှု ကလေးကဗျာစာအုပ်တွင် ကဗျာ (၁၁၂)ပုဒ် ပါဝင်ပါသည် ။ ဆရာ့ကဗျာ စာအုပ်က ပန်းလေးစုံဖူးပွင့်နေသော ပန်းဥယျာဉ်ကြီးနှင့်တူသည် ၊ အလှအပ၊ ရသတွေ စုံလင်ပါသည် ။

ဆရာကဗျာ ပန်းခင်းလေးက မြိုင်လှပါသည် ။ ဆရာ့ စာအုပ်ဖတ်ရ

သည့် မှာ ကျေနပ်အားရလှပါသည် ။

အောင်မြင်ပါစေ.....

ရွှေမြိတ်သောင်းတင်

၃.၆.၂၀၁၆

## ရေနံမြေမောင်မောင်ကြည်၏ အမှာ စာ

အမှန်အတိုင်းပြောရလျှင် သူ့ကလောင်အမည်နာမကို မိမိ တော်တော်စောစော ကတည်း ကပင် သိရှိနေခြင်းဖြစ်သည် ။ တစ်ချိန်က ဆယ်ပြားတန်စာစောင်များ ဖြစ်သော ဘားမားစကားနှင့် ဖလင်အတားတို့တွင် တွေ့ရခြင်းဖြစ်ပြီး မိမိသည် လည်း ဘာမားစတားတွင် ကုသိုလ်အကျိုးဆိုသော ကလေးပုံပြင်လေးတစ်ပုဒ်ပါခဲ့ဖူးသည် ။

ဘားမားစတားတာဝန်ခံအယ်ဒီတာမှာ ၁၉၆၇ ခုနှစ်၌ ပုလဲတကန့် ရွှေတကန့် ဝတ္ထုတိုပေါင်းချုပ် စာအုပ်ဖြင့် အမျိုးသားစာပေဆု ရရှိခဲ့သော ဆရာလေးမြင့်(ကွန်လွန်)ဖြစ်သည် ။

ဤသို့ဖြင့် မင်းနိုင်လေး(လမ်းမတော်)သည် စာစောင်လေးများ တွင် မြေစမ်းခရမ်းပျိုးရင်း စာပေရေစီးကြောင်းတွင် မျောပါရင်း နောင်အနှစ်နှစ်ဆယ်ကျော်လောက်တွင် ငွေတာရီနှင့် မြဝတီတို့ ၌ သူ့ကဗျာများကို ပြန်တွေ့လာရပြန်သည် ။

မိမိသည် လည်း ၁၉၆၉ ခုနှစ်လောက်တွင် မြဝတီစာပေတိုက် ငွေတာရီမဂ္ဂဇင်း၌ အလုပ်ဝင်လုပ်နေပြီဖြစ်ရာ သူနှင့်မကြာခဏ ဆက်ဆံခဲ့ရသည် ။

သူက ရန်ကုန်ပြည်သူ့ ဆေးရုံကြီးရှိ ဌာနတစ်ခုတွင် အမှုထမ်း လုပ်နေသူဖြစ်ရကား ၃၂ လမ်းရှိ မြဝတီစာပေတိုက်သို့ ကဗျာများ လာပေးတ

တ်သည်။

သူသည် ရက်ကန်းစင်တွင် ရက်ကန်းရှယ်သလို အကွက်ဆန်းများ အား အနုစိတ် ပုံဖော်နေသူတစ်ဦးနှယ် ဘဝစုံလွှမ်းသော ကဗျာတို့ ကို ရေးသားနေသူဖြစ်သည်။ အထူးသဖြင့် ကလေးစာပေဘက်တွင် အားသ န်နေသူဖြစ်သည်။

ထို့ကြောင့်ပင် ၂၀၀၈ ခုနှစ် စာပေဗိမာန် ကလေးကဗျာ စာမူဆုတွင် အလှသစ်ချိန် ပန်းပွင့်ချိန် ကလေးကဗျာများ အမည်နှင့် ကလေးကဗျာ ပထမဆု ရရှိခဲ့ခြင်းဖြစ်သည်။

မှတ်မှတ်ရရ ထိုနှစ်က မိမိသည် လည်း ၂၀၀၈ ခုနှစ် အမျိုးသားစာ ပေ ကလေး ဝတ္ထုတို ပေါင်းချုပ်ဆု ရရှိခဲ့သဖြင့် နေပြည်တော်သို့ ဆုသွား ယူရာ သူနှင့်ထပ်မံ ဆုံစည်းခဲ့ရပြန်သည်။

ကဗျာချစ်သူ စာချစ်သူတို့ ဘဝမှာ ထိုကဲ့သို့ တိုက်တိုက်ဆိုင်ဆိုင် စာ ပေရေစက်ဆုံရခြင်း ဖြစ်ပေလိမ့်မည်။

စင်စစ် စာပေလောက၌ အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာပေ ဆုများ သည် အမြင့်ဆုံး မှတ်တိုင်တစ်ခုဟု သတ်မှတ်ထားခဲ့ရာ သူ၏ ကြိုးပမ်းမှုများ အတွက် ဂုဏ်ယူခဲ့ရသည်။

သို့ဖြစ်ရာ ယခု သူ့ကဗျာလုံးချင်းသစ်ဖြစ်သော ဘဝရတနာ ပန်းအ လင်္ကာ ကလေးကဗျာများ စာအုပ်သည် သူ့အတွက် မှတ်တိုင်တစ်ခုအဖြ စ် ကျန်ရစ်ပြီး ကလေးများ အတွက်လည်း အသံချိုလွင်သော ဆည်းလ ည်း သံလေးများ ပမာ လေပြည်တွင် ပွဲတင်ရိုက်ခတ်နေမည် ဖြစ်ကြောင်း ကောက်ချက်ချ မှတ်တမ်းပြုလိုက်ရပါတော့သည်။

**ရေနံ့မြေမောင်မောင်ကြည်**

***